**သမတအိမ်တော်၊ ရန်ကုန်မြို့။**

**၁၉၄၉ ခုနှစ်၊ လက်နက် (အရေးပေါ်ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေ။**

**(၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၁။)**

**၁၃၁၁ ခု၊ နယုန်လဆုတ် ၁၃ ရက်။**

**(၁၉၄၉ ခု၊ ဇွန်လ ၂၃ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကျေ ညာသည်။

အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြော်ငြာ၍ သတ်မှတ် သည့်နေ့ရက်တွင် အာဏာတည်ရမည်။

(၂) ဤအက်ဥပဒေသည်၊ အာဏာတည်ခြင်းမှ ရပ်စဲရမည်ဟု၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာ ဖြင့် ဆင့်ဆိုသည့်နေ့ရက်တိုင်အောင်၊ အာဏာတည်နေရမည်။

၂။ ။ (၁) တည်ဆဲဖြစ်သော အခြားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ၊ မည်သူမဆို-

(က) အစိုးရပိုင်၊ သို့တည်းမဟုတ် ဥပဒေအရ လက်ရှိကိုင်ဆောင်ခွင့်ရှိသူပိုင်၊ အမြောက်နှင့်ဖြစ်စေ၊ အခြားလက်နက်နှင့်ဖြစ်စေ၊ ခဲယမ်းမီးကျောက်နှင့်ဖြစ်စေ စပ်လျဉ်း၍ ခိုးမှုကျူးလွန်လျှင်၊ သို့တည်းမဟုတ် ခိုးမှုကျူးလွန်ရန် ကြံစည်အားထုတ်လျှင်သော်၎င်း၊

(ခ) အစိုးရပိုင် အမြောက်ကိုဖြစ်စေ၊ အခြားလက်နက်ကိုဖြစ်စေ၊ ခဲယမ်းမီးကျောက်ကိုဖြစ်စေ ရောင်းချ လျှင်၊ သို့တည်းမဟုတ် ရောင်းချရန်ကြံစည်အား ထုတ်လျှင်သော်၎င်း၊

(ဂ) ဥပဒေအရ လက်ရှိ ကိုင်ဆောင်ခွင့်ရှိသူပိုင် အမြောက်ကို ဖြစ်စေ၊ အခြားလက်နက်ကိုဖြစ်စေ၊ ခဲယမ်းမီးကျောက်ကိုဖြစ်စေ၊ ဥပဒေအရ လက်ရှိကိုင်ဆောင်ခွင့် မရှိသော အခြားသူတဦးတယောက်အား ရောင်းချလျှင်၊ သို့တည်းမဟုတ် ရောင်းချရန် ကြံစည်အားထုတ်လျှင်သော်၎င်း၊

(ဃ) အစိုးရပိုင်၊ သို့တည်းမဟုတ် ဥပဒေအရ လက်ရှိကိုင်ဆောင်ခွင့်ရှိသူပိုင် အမြောက်ကိုဖြစ်စေ၊ အခြားလက်နက်ကိုဖြစ်စေ၊ ခဲယမ်းမီးကျောက်ကိုဖြစ်စေ၊ ဥပဒေအရ လက်ခံရယူပိုင်ခွင့်မရှိသောအခြားသူတဦးတယောက်အား ပေးအပ်လျှင်၊ သို့တည်းမဟုတ် ပေးအပ်ရန် ကြံစည်အားထုတ်လျှင်သော်၎င်း၊

ထိုသူကိုသေဒဏ်ဖြစ်စေ၊ တသက်ပတ်လုံး တကျွန်းပို့ဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထက်မပိုသော အလုပ်ကြမ်း နှင့်ထောင်ဒဏ်ဖြစ်စေ၊ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ စီရင်ရမည်။

(၂) ပုဒ်မခွဲ (၁) တွင် ဖေါ်ပြထားသော ပြစ်မှုကိုကျူးလွန်ရန် အားပေးကူညီသူတဦးတယောက်သည်၊ ထို ပြစ်မှုအတွက် ပြဋ္ဌာန်းထားသောပြစ်ဒဏ်ကို စီရင်ခြင်းခံရမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။



Myanmar Law Information System (MLIS)

စဝ်ရွှေသိုက်၊
နိုင်ငံတော်ယာယီသမတ။
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၁ ခု၊ နယုန်လဆုတ် ၁၃ ရက်။
(၁၉၄၉ ခု၊ ဇွန်လ ၂၃ ရက်။)

အမိန့်အရ၊
ရွှေဘော်၊
နိုင်ငံတော်သမတအတွင်းဝန်။
[အမှတ် ၉၇]

Myanmar Law Information System (MLIS)